**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက်)**

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ လ(၁)ရက်နေ့တွင် ကျင်းပမည့်(၃၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"ထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၁၆၁,၂၀၂) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၁၆၁၂.၀၂၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၁၂၈.၄၁၄) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | <u>**အထူးဆုကြီး**</u> | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (ခ) | <u>**ဆုတစ်ဆုချင်း**</u> | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၅) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၆) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၇) | ဆု |
| (ဂ) | <u>**ဝေဝေဆာဆာပဒေသာဆု**</u> | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၃၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၁၀-၂၀၂၂) ရက်နေ့ (သောကြာနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။